# မြန်မာလွှတ်တော်ကိုယ်စားလှယ်များ အိန္ဒိယပါလီမန်တွင် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် တက်ရောက်ခြင်း

မြန်မာ-အိန္ဒိယလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့်အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ အထောက်အကူပြုဝန်ထမ်းများပါဝင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံပါလီမန်၊ Parliamentary Research Information for Democracy အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ ပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့် "Capacity Development Programme" သို့ သွားရောက်လေ့လာလျက်ရှိပါသည်။

ခရီးစဉ်အတွင်း အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla က မြန်မာလေ့လာရေးကိုယ်စားလှယ်အဖွဲ့အား Parliament house ၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကာ အမှတ်တရစုပေါင်းဓါတ်ပုံများရိုက်ခဲ့ကြပါသည်။ မျှဝေဆွေးနွေးခြင်းအစီအစဉ်များအဖြစ် အိန္ဒိယနိုင်ငံရေးနှင့်အုပ်ချုပ်ရေးတွင် ပါလီမန်၏အခန်းကဏ္ဍ နှင့်ဥပဒေပြုရေး၊ ကော်မတီစနစ်များ၊ ဘဏ္ဍာရေးဆိုင်ရာကော်မတီများ၊ မိမိမဲဆန္ဒနယ်မြေများတွင် စီမံခန့်ခွဲမှု၊ပြည်နယ်ဥပဒေပြုအပါအဝင်အဖွဲ့အစည်းများနှင့်ဆက်သွယ်ရေးနှင့်ပါလီမန်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာဆွေးနွေးခဲ့ကြပါသည်။ အစီအစဉ်တွင် ပါလီမန်အဆောက်အဦးများ၊ စာကြည့်တိုက်နှင့် အနုပညာပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ထိုသို့လေ့လာခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာပြီး လွှတ်တော်လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်)